
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 5903-5922)
စာစဉ် – ၂၉၆

သိုင်းပါရဂူ
စာစဉ် ( ၂၉၆ )
အပိုင်း ( ၅၉၀၃ )
*

အင်ပါယာမင်က အောက်လမ်းမိစ္ဆာမျိုးနွယ်စုနှင့် ပူးပေါင်းဆောင်ရွက်နေသည်လား။

ယာမအင်ပါယာ၏စကားက အခြားရှေးဟောင်းအင်ပါယာများအကုန်လုံးကို တုန်လှုပ်ချောက်ချားစေသည်။

အောက်လမ်းမိစ္ဆာမျိုးနွယ်စု ဆိုသည်မှာ စကြဝဠာကြီး တစ်ခုလုံး၏ ရန်သူဖြစ်၏။

ငရဲပြည်နှင့် စကြဝဠာပင်လယ်က စစ်ပွဲတစ်ခု ဖြစ်ပွားခဲ့သော်လည်း ၎င်းက ပြည်တွင်း ပဋိပက္ခ တစ်ခုသာဖြစ်သည်။ အောက်လမ်းမိစ္ဆာမျိုးနွယ်စုနှင့် ရင်ဆိုင်ရချိန်တွင်တော့ ငရဲပြည်နှင့် စကြဝဠာပင်လယ်ကြီး တစ်ခုလုံးက ပူးပေါင်းပြီး ရန်သူကို တိုက်ခိုက်ရန်အတွက် ဆုံးဖြတ်ထားကြ၏။

အင်ပါယာမင် အောက်လမ်းမိစ္ဆာမျိုးနွယ်စုနှင့် ပူးပေါင်းသည်ဆိုသောစကားက ငရဲပြည်တစ်ခုလုံးနှင့် ရန်သူအဖြစ် ပြောင်းလဲလိုက်ခြင်းနှင့် အတူတူပင်ဖြစ်သည်။

ဆန့်ကျင်ဘက်တွင် အင်ပါယာမင်၏ မျက်လုံးထဲ၌ တုန်လှုပ်မှုများ ထွက်ပေါ်လာပြီး ဒေါသတကြီး အော်ဟစ်လိုက်၏။

" မင်း .. ယာမ မင်းဘာတွေပြောနေတာလဲ "

" ဘယ်သူက အောက်လမ်းမိစ္ဆာမျိုးနွယ်စုနဲ့ ပူးပေါင်းတာလဲ "

ယာမအင်ပါယာက အင်ပါယာမင်း၏ မျက်လုံးများကို စူးစိုက်ကြည့်နေခဲ့သည်။

အင်ပါယာမင်း၏ မျက်လုံးထဲတွင် ထိတ်လန့်မှုနှင့် ဒေါသကို မြင်လိုက်ပြီး ပုံမှန်မဟုတ်သော အမူအရာကြောင့် ယာမအင်ပါယာ၏ စိတ်ထဲတွင် ပို၍သေချာသွား၏။

" ထင်ထားသလိုပဲ "

အဖွားကြီးမန်ပိုဆီမှ သတင်းရချိန် ထိုသတင်းက နားလည်မှုလွဲနေသည်ဟု မျှော်လင့်မိခဲ့သေးသည်။ ယခုတော့ အင်ပါယာမင်း၏ မျက်လုံးများက အစစ်အမှန်ဖြစ်ကြောင်း ပြောပြနေခဲ့၏။

အဖွားကြီးမန်ပိုပြောသည့် သတင်းများက လုံးဝမှန်နေခဲ့သည်။ ထိုသို့သာ မဟုတ်လျှင် အင်ပါယာမင်းက ယခုလိုမျိုး တုန်လှုပ်ချောက်ချားနေမည် မဟုတ်ပေ။

" အင်ပါယာမင် ငါမင်းကို ဒီလိုမျိုးလူတစ်ယောက် ဖြစ်နေမယ်လို့ မထင်ထားဘူး "

ယာမအင်ပါယာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး ခန္ဓာကိုယ်က ဒေါသကြောင့် တုန်ယင်နေခဲ့၏။

"မဟုတ်သေးဘူး မင်းငါ့ကို တမင်တကာ သွေးဆောင်ခဲ့တာ၊ ဟုတ်တယ် ထာဝရဘေးဒုက္ခပင်လယ်ကို ငါလိုက်လာအောင်လို့ တမင်တကာ သွေးဆောင်ခဲ့တာ "

ခုမှ အခြေနေကို ပြန်တွေးမိပြီး ယာမအင်ပါယာ ပို၍ ထိတ်လန့်လာသည်။

" ဒါဆို ငရဲမြစ်အင်ပါယာကကော အတုလား၊ မဟုတ်သေးဘူး ငရဲမြစ်အင်ပါယာရဲ့ အရှိန်အဝါကို ငါကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့တာ၊ ဒါက အတုလုပ်လို့မရဘူး၊ အဲ့တော့ ငရဲမြစ်အင်ပါယာကလည်း မင်းနဲ့ပူးပေါင်းဆောင်ရွက်နေတာပေ့ါ၊ ဒါဆို ဒီဟောင်ကွမ်တောင်ကလဲ.."

အတွေးများနှင့်အတူ ယာမအင်ပါယာ ရီဖန်ကိုကြည့်လိုက်၏။

" ရီဖန်ကလည်း မင်းရဲ့လူတစ်ယောက်လား "

ယာမအင်ပါယာ ထိုသို့ပြောလိုက်သည်နှင့် တိုက်ခိုက်မှုကို ခုခံနေသော ရီဖန်၏မျက်လုံးများက ထိတ်လန့်တကြား ဖြစ်သွားပြီး အင်ပါယာမင်ကို အလျင်အမြန်ကြည့်သည်။

သို့သော် ဤကဲ့သို့လှုပ်ရှားမှုကို ပြုလုပ်ပြီးနောက် ရီဖန်သည် တစ်စုံတစ်ခု မှားယွင်းနေသည်ဆိုတာကို သိလိုက်ပြီး အဝေးသို့လှမ်းကြည့်ကာ သူ၏မျက်နှာအမူအရာကလည်း ပြောင်းလဲသွား၏။

ထိုအမူအရာများက ယာမအင်ပါယာ၏ မျက်လုံးထဲတွင် လုံးဝလွတ်မြောက်သွားခြင်း မရှိပေ။

" သေချာနေပြီ "

ယာမအင်ပါယာ ပို၍ဒေါသထွက်သွားသည်။

မထင်မှတ်ပဲ ဤရီဖန်ကလဲ အင်ပါယာမင်၏ သူလျှိုတစ်ဦးဖြစ်နေ၏။ သူယခင်လုပ်ရပ်များကို ပြန်တွေးကြည့်လိုက်လျှင် ယာမအင်ပါယာ စိတ်ထဲ၌ ကိုယ့်ကိုယ်ကိုယ် နုံအမှုကြောင့် ပါးပင်ဖြတ်ရိုက်လိုက်ချင်သည်။

အင်ပါယာမင်က သူ၏နေရာတွင်ပင် လျှို့ဝှက်သူလျှိုများ ချန်မထားဘူးဟု ပြော၍မရချေ။

ထိုအချက်ကို တွေးမိသည်နှင့် ယာမအင်ပါယာ တုံ့ဆိုင်းမနေတော့ပဲ

ကြောက်စရာ ကောင်းသော စွမ်းအားက သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာပြီး မူလအရင်းအမြစ်ကို လောင်ကျွမ်းသွား၏။ ထို့နောက် ငရဲနန်းတော် (၁၀) ခု ကို အသက်သွင်းလိုက်ကာ မိုင်သန်းပေါင်း များစွာသို့ ချက်ချင်းပြန်ဆုတ်သွားခဲ့သည်။

အကယ်၍ ရီဖန်နှင့် အင်ပါယာမင်တို့က ပူးပေါင်းထားသည်ဆိုလျှင် ဟောင်ကွမ်တောင်သည် သူ့ကိုလုပ်ကြံရန်အတွက် ပူးပေါင်းကြံစည်မှုပင် ဖြစ်နိုင်ချေများ၏။

အတွေးများနှင့်အတူ ယာမအင်ပါယာ အလင်းတန်းတစ်ခုအသွင် ပြောင်းလဲသွားပြီး ဟောင်ကွမ်တောင်ကို ဂရုမစိုက်တော့ပဲ လျင်မြန်စွာဖြင့် သူ့နယ်မြေသို့ ဦးတည်ပြေးသည်။

ယာမအင်ပါယာ ဤကဲ့သို့ရုတ်တရက် ထွက်ခွာသွားသည်ကိုမြင်လျှင် အင်ပါယာမင်၏ အမူအရာ ပြောင်းလဲသွား၏။

သူအံ့သြသွားသည်။

" ယာမ မင်းဘာဖြစ်နေတာလဲ မြန်မြန်ရပ်လိုက် မင်းနဲ့ငါနဲ့ကြားနားလည်မှုရှိနေရင် သေချာပြောပြီး ဖြေရှင်းလို့ရတယ် "

ဘာတွေဖြစ်နေသနည်း။

အင်ပါယာမင် သူ၏နားလည်နိုင်စွမ်းဖြင့် ဆိုလျှင် ထူးထူးခြားခြား တစ်စုံတစ်ရာ မဖြစ်ပျက်ခဲ့ပါက ယာမအင်ပါယာ ဤကဲ့သို့သူ့ကို တုံ့ပြန်မည် မဟုတ်ပေ။

ထို့ကြောင့်သူ ဘာမှဂရုမစိုက်တော့ပဲ ယာမအင်ပါယာ ပြေးထွက်သွားသည့်နောက်သို့ လျင်မြန်စွာလိုက်၏။

ဘာကြောင့်လဲဆိုတာ သူသိရပေမည်။

" အုန်း .. အုန် .. "

အလင်းတန်းနှစ်ခုက ဟောင်ကွမ်တောင်ကနေ လျှင်မြန်စွာ ထွက်ခွာလာပြီး ကောင်းကင်သို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားသည်။

ဟောင်ကွမ်တောင်ရှိ တစ္ဆေကျင့်ကြံသူများအားလုံးက ယခင်က စိတ်ပျက်အားငယ် ခဲ့သော်လည်း ယခုတော့ ပြန်လည်ထွက်ခွာသွားသော မဟာအင်ပါယာနှစ်ပါးကိုကြည့်ပြီး အံ့အားသင့်နေကြ၏။

ထိုနှစ်ယောက်က ပြင်းထန်သောပုံစံဖြင့် ရောက်ရှိလာပြီး လျှင်မြန်စွာ ပြန်လည် ထွက်ခွာသွားကြသည်။

အားလုံးရှုပ်ကုန်ချေပြီ။ ဘာတွေဖြစ်နေသနည်း။

တစ်ဖက်တွင် ရှေးဟောင်းအင်ပါယာများ၏ အရှိန်အဝါများကလည်း တစ်ခုပြီးတစ်ခု ထွက်ခွာသွားခဲ့ပြီး ယာမအင်ပါယာနှင့် အင်ပါယာမင်တို့နှစ်ယောက် အနောက်သို့ လိုက်ကာ ပျောက်ကွယ်သွား၏။

ဟောင်ကွမ်တောင်တွင် ရှိနေသော တစ္ဆေကျင့်ကြံသူများ ထိုမြင်ကွင်းကိုကြည့်ကာ သက်ပြင်းချလိုက်ပြီး စိတ်သက်သာရာ ရသွားကြသည်။

ထိုအချိန်တွင် ဟောင်ကွမ်တောင်မှ တစ္ဆေကျင့်ကြံသူများကြားတွင် အင်ပါယာ တစ်ပိုင်းအဆင့် အရှိန်အဝါရှိသော ကျင့်ကြံသူတစ်ယောက်က ရီဖန်ဆီသို့ ရောက်လာပြီး သံသယစိတ်များဖြင့် မေးလိုက်၏။

" သခင်ရီဖန် ယာမအင်ပါယာကဘာလို့ မင်းနဲ့အင်ပါယာမင်က တစ်ဖွဲ့တည်းလို့ ပြောတာလဲ "

"အဲဒါငါဘယ်လိုလုပ်သိမှာလဲ ယာမအင်ပါယာ သက်သက်ငါ့ကို ကြံစည်ပြီး ပြောသွားတာနေမှာ "

" အကြောင်းပြချက်ကတော့ ငါတို့ဟောင်ကွမ်တောင်ကို ကျူးကျော်ဖို့ပဲ "

ရီဖန် ထိုသို့ပြောလိုက်သော်လည်း လူတိုင်း၏မျက်နှာ၌ သံသယများ ပြည့်နှက်နေသည်။

" မင်းတို့ ငါ့ကိုမယုံဘူးလား "

ရီဖန် ဒေါသထွက်သွား၏။

"မင်းတို့သေချာတွေးကြည့် အင်ပါယာမင်းနဲ့ ယာမအင်ပါယာတို့ နှစ်ယောက်လုံးက ကောင်းတဲ့သူမဟုတ်ဘူးဆိုတာ မင်းတို့သိနိုင်တယ်၊ မွေးစားအဖေ စကြဝဠာပင်လယ်ထဲမှာ သေဆုံးတာကလဲ မတော်တဆ မဟုတ်ဘူးလို့ ကောလာဟလထွက်နေတာ ဖြစ်နိုင်ချေအများဆုံးက အင်ပါယာမင်းနဲ့ ယာမအင်ပါယာပဲ၊ ငါရီဖန်က ဘယ်လောက်ပဲ ရက်စက်ကြမ်းကြုတ်ပါစေ အဲ့လိုလူမျိုးတွေရဲ့လက်အောက်တော့ မခိုလှုံဘူး "

တစ္ဆေကျင့်ကြံသူများ တွေဝေသွားကြ၏။

"ဟူး .. ထားလိုက်တော့ .. ယာမအင်ပါယာနဲ့ အင်ပါယာမင်းတို့နှစ်ယောက်လုံးက မဟာအင်ပါယာ အသက်ရှင်သေးတယ် ပြောသွားတယ်လေ၊ သူတကယ်အသက်ရှင်သေးတယ်လို့ မင်းထင်လား "

ထိုမေးခွန်းက တစ္ဆေကျင့်ကြံသူများ အားလုံး၏ မျက်နှာတွင် စိတ်လှုပ်ရှားမှုကို ထွက်ပေါ်လာစေ၏။

ရီဖန် အေးစက်စွာ ပြောလိုက်သည်။

"ဟမ့် မင်းတို့ဘာတွေ တွေးနေတာလဲ၊ ငါ့ရဲ့မွေးစားအဖေ သေသွားပြီဆိုတာ သေချာသလောက်ပဲ၊ သူအသက်ရှင်နေသေးရင် နှစ်ပေါင်းများစွာကြာပြီး ဟောင်ကွမ်တောင်ကို မပြန်လာပဲ နေမှာမဟုတ်ဘူး၊ အဲ့တော့ အများကြီး မျော်လင့်မနေကျနဲ့ "

ထိုသို့ပြောပြီးသည်နှင့် ရီဖန်၏ခန္ဓာကိုယ်က မှုန်ဝါးသော အရိပ်ကိုယ်ပွား

တစ်ခုက ထွက်ပေါ်လာပြီး ဟောင်ကွမ်တောင်၏ အပြင်ဘက်သို့ ထွက်သွား၏။

တစ္ဆေကျင့်ကြံသူများအားလုံး၏ မျက်နှာအမူအရာ ပြောင်းလဲသွားသည်။

" ရီဖန် မင်းဘာလုပ်တာလဲ "

ယခုနက ထွက်သွားသည်မှာ ရီဖန်၏ ကိုယ်ပွားဖြစ်ကြောင်း သူတို့သိ၏။

ရီဖန်၏ အမူအရာ လေးနက်နေသည်။

" အခုကိစ္စတွေက မွေးစားအဖေနဲ့ သက်ဆိုင်နေတယ်၊ နည်းနည်းလေး အခွင့်အရေးရှိအောင် လွှတ်ထားလို့မရဘူး၊ အဖြစ်မှန်ကိုသိရဖို့အတွက် ငါ ကိုယ်ပွားခွဲထုတ်ပြီးတော့ စုံစမ်းဖို့ လုပ်လိုက်တာပဲ၊ မင်းတို့အားလုံး ဒဏ်ရာကိုကုသဖို့ မြန်မြန်လုပ်ကြ "

" ကောင်းပြီ "

တစ္ဆေကျင့်ကြံသူများအားလုံးက သူတို့၏ဒဏ်ရာများကို ကုသဖို့ ပြန်သွားကြ၏။

ရီဖန် အဝေးရှိဟင်းလင်းပြင်ကို လှမ်းကြည့်ပြီး မှိုင်းညို့သော မျက်နှာနှင့်အတူ ခန္ဓာကိုယ်က ပျောက်ကွယ်သွားကာ ဟောင်ကွမ်တောင်၏ အတွင်းဘက်သို့ ပြန်လည်ရောက်ရှိသွားသည်။

***

အပိုင်း ( ၅၉၀၄ )

*

ထိုအချိန်တွင် ဟောင်ကွမ်တောင်နှင့် မိုင်ပေါင်းသန်းချီဝေးသော လေဟာနယ်ထဲတွင်...

ထိုနေရာ၌ အနက်ရောင် ပုံရိပ်သဏ္ဌာန်တစ်ခုက ထွက်ပေါ်လာပြီး ၎င်းက ရီဖန် ထုတ်လွှတ်ထားသည့် ကိုယ်ပွားဖြစ်၏။

ထိုကိုယ်ပွားက လျှို့ဝှက်စွာဖြင့် ပတ်ပတ်လည်ကို ဂရုစိုက်ကာ လေဟာနယ် ကွက်လပ်တစ်ခု ရှေ့သို့ လာနေသည်။

ထိုအချိန်တွင် သူ၏ရှေ့၌ရှိသော လေဟာနယ်က အက်ကွဲသွားပြီး လူတစ်ယောက် ထွက်ပေါ်လာ၏။

" သခင် "

ထိုလူကိုမြင်သည်နှင့် ရီဖန် အလျင်အမြန် ဦးညွှတ်လိုက်သည်။

" မင်းခုနတုန်းက ငါမင်းကိုသတ်မယ်လို့ ထင်နေတာမလား "

ထိုပုံရိပ်ထံမှ အေးစက်သောအသံ ထွက်ပေါ်လာပြီး ၎င်းက အင်ပါယာမင် မှလွဲ၍ အခြားလူမဟုတ်ပေ။

" မထင်ပါဘူး "

ရီဖန် ကမန်းကတန်းပင် ခေါင်းခါယမ်းကာ ပြောလိုက်၏။

ဟောင်ကွမ်တောင်တွင်ရှိနေသော တစ္ဆေကျင့်ကြံသူများအားလုံး ထိုမြင်ကွင်းကိုမြင်လျှင် ထိတ်လန့်သွားမည်မှာ သေချာသည်။

ယခု ဟောင်ကွမ်တောင်၏ခေါင်းဆောင် ငရဲမြစ်အင်ပါယာ၏ မွေးစားသားဖြစ်သော ရီဖန်က အင်ပါယာမင်းနှင့် သခင် .. လက်အောက်ငယ်သား ဆက်ဆံရေး ရှိနေ၏။

ယာမအင်ပါယာ၏ ထင်မြင်ယူဆချက်မှာ အမှန်ပင်ဖြစ်သည်။

အင်ပါယာမင်း ရီဖန်ကို စိုက်ကြည့်လိုက်၏။

"မင်းအဲ့လို မထင်တာကောင်းတယ် ပြီးတော့ ယာမအင်ပါယာက ထပြီး ဖောက်မယ်လို့ မထင်ထားဘူး၊ သူ့ဦးနှောက်က တော်တော်လေး ကောင်း တာဆိုတော့ တစ်စုံတစ်ခုကို ခန့်မှန်းမိသွားတဲ့ပုံပဲ "

အင်ပါယာမင်း၏မျက်နှာက နက်မှောင်နေခဲ့သည်။

တစ်ဖက်တွင် ရီဖန်ကလည်း မျက်မှောင်ကြုတ်နေ၏။

" သခင် ဘာတွေဖြစ်သွားတာလဲ သခင်နဲ့ယာမအင်ပါယာ ဘာလို့ဒီနေ့ ဟောင်ကွမ်တောင်ကို တိုက်ခိုက်ဖို့အတွက် အတူတူလာခဲ့ကြတာလဲ ဆိုတာ စဥ်းစားလို့မရဘူး၊ ဟောင်ကွမ်တောင် တစ်ခုလုံးကို ကျွန်တော် ထိန်းချုပ်ပြီးတာနဲ့ ကျွန်တော့်ကို ပေးမယ်လို့ သဘောတူထားတာ မဟုတ်ဘူးလား "

" မင်းက ဘာကြောင့်လို့ထင်လဲ "

အင်ပါယာမင်း၏အကြည့်များက စူးရှလွန်းလှသည်။

တစ်ဖက်တွင် ရီဖန်၏စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

" ဘာလဲ အဲဒီအဘိုးကြီး ငရဲမြစ်အင်ပါယာ သူပြန်ရှင်လာတာတော့ မဟုတ်ဘူးမလား "

ရီဖန်၏မျက်လုံးထဲတွင် ထိတ်လန့်မှု အရိပ်အယောင်များ ပြည့်နှက်နေသည်။

" ဟုတ်တယ် "

အင်ပါယာမင် ခေါင်းညိတ်လိုက်၏။

သို့သော် ရီဖန်၏မျက်လုံးထဲတွင် မယုံကြည်နိုင်မှုများ ရှိနေဆဲဖြစ်သည်။

အင်ပါယာမင် ရီဖန်ကို ကြည့်ကာ လှောင်ပြုံးပြုံးလိုက်ပြီး...

" ဘာလဲ ငါက မင်းကို နှောက်နေတယ်ထင်လို့လား "

အင်ပါယာမင်၏ထိုစကားက ရီဖန်၏နဖူးမှ အေးစက်သော ချွေးများကို ကျဆင်းလာစေ၏။

အခြားလူများ မသိသော်လည်း သူကတော့ ငရဲမြစ်အင်ပါယာ၏ တည်နေရာကို ထိုအချိန်က ထုတ်ဖော်ပြောကြားခဲ့ကာ သစ္စာဖောက်ခဲ့သည့် သူဖြစ်သည်။

ထို့ကြောင့်လည်း သူ အကျိုးအမြတ်အချို့ကို ရရှိခဲ့၏။

အင်ပါယာမင် မျက်လုံးကို မှေးစင်းလိုက်ပြီး ရီဖန်ကိုကြည့်ကာ...

"ပြဿနာရဲ့ အသေးစိတ်ကို ငါလည်းမသိဘူး၊ ဒါပေမဲ့ ငရဲမြစ်အင်ပါယာ ထာဝရ ဘေးဒုက္ခပင်လယ်ထဲမှာ ပေါ်လာပြီး ငါ့လက်အောက်ငယ်သား တစ်ယောက်ကို သတ်ဖြတ်သွားသလို ငါ့ရဲ့ ကိုယ်ပွားကိုလည်း ဖျက်ဆီးသွားတယ်၊ အဲဒါကြောင့် သူဟောင်ကွမ်တောင်ကို ပြန်ရောက်နေလားဆိုတာ သိချင်လို့ ငါလာခဲ့တာပဲ "

"သခင် အဘိုးကြီးငရဲမြစ်အင်ပါယာသာ ဟောင်ကွမ်တောင်ကို ပြန်ရောက်လာရင် သခင့်ကို ကျွန်တော် ချက်ချင်း အကြောင်းကြားမှာပါ "

ရီဖန် ကမန်းကတန်း ပြောလိုက်သည်။

အင်ပါယာမင်၏ အမူအရာ အေးစက်နေ၏။

" သေချာလို့လား "

ထိုစကားက ရီဖန်ကို အံ့အားသင့်သွားစေသည်။

"သခင် အဲဒါက ဘာကိုဆိုလိုတာလဲ ကျွန်တော်က အဘိုးကြီး ငရဲမြစ်အင်ပါယာကို သစ္စာဖောက်ခဲ့တဲ့ လူတစ်ယောက်ပါ သူ့ကိုထပ်ပြီး သစ္စာဖောက်ဖို့ အတွက် ဝန်မလေးဘူး "

" မင်း နားလည်ရင် ကောင်းတာပေ့ါ "

ငရဲမြစ်အင်ပါယာ ရီဖန်ကို အေးစက်စွာ စိုက်ကြည့်ပြီး ...

" ငရဲမြစ်အင်ပါယာ ဘယ်လိုသေသွားလဲဆိုတာကိုလည်း မင်းမမေ့နဲ့ ပြီးတော့ မင်းကလည်း အင်ပါယာဘယ်လိုဖြစ်လာလဲဆိုတာကို မမေ့နဲ့ "

" မင်းက သူ့မွေးစားသားလို့ ပြောပေမဲ့ တကယ်တော့ သူ့ကျွန်တွေထဲက တစ်ယောက်ပဲ၊ ငရဲမြစ်အင်ပါယာသာ မသေဘူးဆိုရင် မင်းက သူ့လက်အောက်ငယ်သားတစ်ယောက်ပဲ ဖြစ်နေဦးမှာ၊ အင်ပါယာအဆင့်ကို ဘယ်တော့မှ အဆင့်တက်နိုင်မှာမဟုတ်ဘူး၊ သူသာမင်းကို တကယ်ယုံခဲ့ရင် ဟောင်ကွမ်တောင်ကို ထိန်းချုပ်တဲ့နည်းလမ်း အစောကြီးတည်းက သင်ပေးခဲ့မှာပဲ၊ အခုတော့ နှစ်ထောင်ပေါင်းများစွာ ကြာနေပြီ မင်းကဟောင်ကွမ်တောင်ကို လုံးဝမထိန်းချုပ်နိုင်သေးဘူး "

တစ်ဖက်တွင် ရီဖန်၏ မျက်လုံးထဲ၌ ရက်စက်သော အမူအရာများ ထွက်ပေါ်လာသည်။

" သခင်ပေးတဲ့ သင်ခန်းစာကို ကျွန်တော် လေးလေးနက်နက် မှတ်ထားပါ့မယ် "

အင်ပါယာမင် သက်ပြင်းချလိုက်၏။

"ငရဲမြစ်အင်ပါယာ ဟောင်ကွမ်တောင်ကို ပြန်လာရင် ငါ့ကို အကြောင်းကြားဖို့ မမေ့နဲ့၊ မင်းကိုယ်တိုင်လဲ သူ့ကို ဆက်သွယ်လို့ရတယ်၊ သူကလဲ မင်းကို ဆက်သွယ်လာမလားမသိဘူး "

" ဟုတ်ကဲ့ "

ရီဖန် တလေးတစား ဦးညွှတ်လိုက်သည်။

စကားဆုံးသည်နှင့် အင်ပါယာမင် ခေါင်းညိတ်လိုက်ပြီး ပုံရိပ်က ချက်ချင်း ပျောက်ကွယ်သွား၏။

လက်ရှိတွင် ငရဲမြစ်အင်ပါယာ ဟောင်ကွမ်တောင်တွင် မရှိသည်မှာ ကျိန်းသေသွားပြီ ဖြစ်သည်။ ထို့ကြောင့် သူ၏ ထိပ်တန်းဦးစားပေးက ယာမ အင်ပါယာ ဘာဖြစ်သွားသည် ဆိုတာနှင့် ငရဲမြစ်အင်ပါယာ ဘယ်မှာရှိလဲဆို တာ သိရှိရန်ဖြစ်၏။

အင်ပါယာမင် ပျောက်ကွယ်သွားသည်ကို ကြည့်ပြီး ခေါင်းငုံ့နေသော ရီ ဖန်၏ ခန္ဓာကိုယ်က ပြန်လည် ကျောဆန့်သွားကာ မျက်လုံးထဲတွင် အေး စက်သော အလင်းတန်းများ ပေါက်ကွဲထွက်လာသည်။

ထို့နောက် သူ၏ခန္ဓာကိုယ်ကလည်း လေနှင့်အတူ လွင့်ပါးကာ ပျောက် ကွယ်သွားတော့၏။

ဟောင်ကွမ်တောင်၏ အတွင်းပိုင်းထဲ၌တော့...

ဟောင်ကွမ်တောင်တစ်ခုလုံးက ကောင်းကင်နှင့်မြေကြီး တစ်ဆက်တည်း ချိတ်ဆက်နေပြီး သူ၏ လေဟာနယ်နှင့် ဟင်းလင်းပြင်က တော်တော်လေး ကို ကျယ်ဝန်းသည်။

၎င်းက တောင်ထဲ၌ ကြီးမားသော ကမ္ဘာကြီးတစ်ခု ရှိနေသကဲ့သို့ပင်။

ထိုကမ္ဘာထဲတွင် နက်ရှိုင်းသော ရှည်လျားသည့် မြစ်ကြီးတစ်စင်းကလည်း နဂါးကြီး တစ်ကောင် သွားနေသကဲ့သို့ အဆက်မပြတ် ကွေ့ကောက်ကာ စီး ဆင်းနေ၏။

ဤအရာက ငရဲပြည်တွင် ကျော်ကြားသော ဟောင်ကွမ်တောင်၏ ငရဲမြစ်

ဖြစ်သည်။

ဤမြစ်က ရေပြည်ထွက်ပေါ်လာချိန်က အတူတူပါလာသည့် မြစ်ဟုဆို ကြ၏။ မြစ်ရေ တစ်စက်က ကမ္ဘာပေါ်တွင် စွမ်းအားအရှိဆုံး ယင်စွမ်းအား များ သိပ်သည်းကာ ပါဝင်နေသည်။

ထိုအချိန်တွင် ရီဖန်သည် ထိုနေရာသို့ ရောက်ရှိလာပြီး အဝါရောင်မြစ်ရေ များကို ကြည့်လိုက်၏။

အုန်းခနဲပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး မြစ်ရေက မြွေများကဲ့သို့ ပြောင်းလဲသွားကာ သူ၏အရှေ့တွင် လိမ်ခွေနေခဲ့သည်။

ရီဖန် သူ၏လက်ကို မြှောက်၍ မြစ်ရေကိုဂရုတစိုက် ထိတွေ့လိုက်၏။

" ရှဲ "

သူ၏လက်ဝါးက မြစ်ရေနှင့် ထိတွေ့သွားသည်နှင့် ပြင်းထန်သော လောင်စာတစ်ခုကို ထိတွေ့လိုက်သည့်အလား လက်ဝါးတစ်ခုလုံး မဲနက် သွားသည်။

" ချီးပဲ "

ရီဖန် လျင်မြန်စွာဖြင့် နောက်ကိုဆုတ်ပြီး သူ၏လက်ကို ဖြတ်ချ ပစ်လိုက်၏။

ဖြတ်ချလိုက်သော လက်က ချက်ချင်းပင် မဲသဲကာ ပြာအဖြစ်ပြောင်းလဲ သွားပြီး လေထဲတွင် လွင့်မျောသွားသည်။

ရီဖန် ပြတ်သွားသောလက်ကို မူလတာအိုစည်းမျဥ်းဖြင့် ပြန်လည် ဖန်ဆင်းလိုက်၏။

လက်ကပြန်လည် ထွက်ပေါ်လာသော်လည်း သူ၏ခန္ဓာကိုယ်မှ အရှိန်အဝါ ကတော့ အားနည်းသွားခဲ့သည်။

" တောက် ဘာလို့ ဒီမြစ်ရေကို အင်ပါယာအဆင့် ရောက်တာတောင်မှ လုံးလုံးလျားလျား မထိန်းချုပ်နိုင်သေးတာလဲ "

ရီဖန်သည် သူ၏အရှေ့တွင်ရှိသော မြစ်ရေများကိုကြည့်ပြီး မျက်လုံးထဲ၌ အဆုံးမဲ့သော ဒေါသများ ပြည့်နှက်နေ၏။

ငရဲမြစ်အင်ပါယာ သေဆုံးပြီးနောက် သူက အင်ပါယာမင်း၏ အကူအညီဖြင့် အင်ပါယာအဆင့်ကို အဆင့်တက်နိုင်ခဲ့ပြီး ဟောင်ကွမ်တောင်၏ ခေါင်းဆောင်ဖြစ်လာသည်။

သို့သော် နှစ်ပေါင်းများစွာ ကြာတာတောင်မှ ငရဲမြစ်မှ အဝါရောင်နွေဦးရေကို ထိန်းချုပ်ရန်အတွက် ငရဲမြစ်အင်ပါယာ သင်ပေးခဲ့သော ဟောင်ကွမ်တောင်၏ အစီအရင်ကို မှီခိုအားကိုးနေရသည်။ သူကတော့ တိုက်ရိုက်လုံးဝ ပေါင်းစပ်ပြီး ထိန်းချုပ်နိုင်ခြင်း မရှိပေ။

" ငရဲမြစ်က အဝါရောင်နွေဦးရေက ငရဲပြည်မှာ အမြင့်မြတ်ဆုံး ရတနာတစ်ခုပဲ၊ ငါထိန်းချုပ်နိုင်တာနဲ့ မြေအောက်ကမ္ဘာရဲ့ မဟာအင်ပါယာတစ်ပါး ဖြစ်လာမှာသေချာတယ်၊ ဒါပေမဲ့အခုတော့... "

ရီဖန်၏ မျက်လုံးများက မှုန်မှိုင်းနေ၏။

" သောက်အဘိုးကြီး သူသာအသက်ရှင်နေသေးရင် သေချာပေါက် ဒီကို ပြန်လာမှာ သေချာတယ်၊ သူသာပြန်လာခဲ့ရင်... "

ရီဖန်၏ မျက်လုံးထဲ၌ ရက်စက်ကြမ်းကြုတ်မှုများက ပြည့်နှက်လာပြီး အလွန်ကြောက်စရာ ကောင်းသော လူသတ်ငွေ့က ထိုးထွက်လာတော့သည်။

***